ယမန်နေ့က တနင်္သာရီတိုင်း၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပုလောကုန်း ဒေသတွင် ဖြစ်ပွားခဲ့သည့် စစ်ကောင်စီ၊ ပျူစောထီး ပူးပေါင်းတပ်နှင့် ဒေသခံ ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့(PDF) ပူးပေါင်းတပ်ဖွဲ့အကြား တိုက်ပွဲအပြီး ထိခိုက်သေဆုံးသွားသော စစ်ကောင်စီ တပ်ဖွဲ့ဝင်အလောင်းများ လာမကောက်သေးကြောင်းနှင့် ပျူစောထီးများမှ ရွာချင်းဆက် လမ်းများကို ပိတ်ထားကြောင်း ၎င်းဒေသခံ အမျိုးသမီး တစ်ဦးက ကေအိုင်စီ သို့ ပြောသည်။

ယမန်နေ့က ပုလောကုန်းဒေသတွင် ဒေသခံ ရွာသားများကို ခြိမ်းခြောက်နေသည့် ပျူစောထီးများကို ဒေသခံ PDF ပူးပေါင်း တပ်ဖွဲ့များမှ ဝင်ရောက် တိုက်ခိုက်ရာ စစ်ကူတက်လာသည့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ မိုင်းဆွဲ တိုက်ခိုက်ခံရပြီး အနည်းဆုံး အယောက် ၂၀ အထိ ကျဆုံးကာ အဆိုပါ ကျဆုံး အလောင်းများကို ယခု အချိန်ထိ လာမကောက်ရသေးကြောင်း PDF နှင့် နီးစပ်သူ ဒေသခံ အမျိုးသမီးက ယခုလိုပြောသည်။

၎င်းက "မနေ့က စစ်တပ်က အလောင်းတွေ လာမသယ်သေးဘူး။ တက်မလာရဲတာလားမသိဘူး။ အခု အလောင်းတွေက ရှမ်းဒွတ်ရွာဖျားလောက်မှာရှိတယ်။ မနေ့ကလည်း တံတား တစ်စင်း ပျက်တယ်။ ဒီဘက်က မိုင်းတွေ ထောင်ထားတော့ သူတို့ မလာရဲတာလည်း ဖြစ်မယ်။ ပြီးတော့ ပျူစောထီးက လမ်းတွေအကုန် ပိတ်ချထား တယ်။ ဆန်တောင် ပေးဖြတ်မသယ်ခိုင်းဘူး" ဟု ကေအိုင်စီ သို့ ပြောသည်။

လက်ရှိ မိချောင်းသိုက်၊ ရှမ်းဒွတ်၊ ကျောက်လိုက်၊ မင်းဝေး တို့ဘက်မှ ပုလောကုန်းဘက်သို့ ပျူစောထီးများမှ သွားလာမှု ပိတ်ထားသလို ပုလောကုန်းဘက်မှလည်း အဆိုပါ ဒေသဘက်သို့ သွားလာမှု မပြုထားသည့်အပြင် ကုန်စည်ဆန်များကိုပင် သယ်ယူခွင့် မပေးထားကြောင်း အဆိုပါ အမျိုးသမီးက ဆက်ပြောသည်။

ယမန်နေ့က နံနက် ၆ နာရီမှစ၍ ၉ နာရီကျော်ကြာအထိ ၃နာရီကျော်ကြာ နှစ်ဖက်တိုက်ပွဲအတွင်း PDF များ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် စစ်သား ၂၀ ဦးထက်မနည်းသေဆုံးကြောင်းနှင့် ပုလောကုန်းရွာကို တိုက်ခိုက်စဉ် ပျူစောထီးဘက်မှ သေဆုံးစာရင်း အတည်မပြုနိုင်သေးကြောင်း ပုလော PDF သတင်းပြန်ကြားရေးက ယမန်နေ့က သတင်းထုတ်ပြန်ထားသည်။

ပျူစောထီးများ အခြေစိုက်ထားရာ ပုလောကုန်းကျေးရွာသို့ ပုလောမြို့နယ် ပြည်သူ့ ကာကွယ်ရေးတပ်မတော် - PPDF၊ KNU တပ်မဟာ (၄) လက်အောက်ခံ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) တပ်ရင်း တပ်ဖွဲ့များ၊ ပုလောဒေသကာကွယ်ရေးတပ်ဖွဲ့ PRDF၊ ကရင် PDF မဟာမိတ်တပ်ဖွဲ့များက ဝင်တိုက်ခဲ့ခြင်းဖြစ်ပြီး ပုလော PDF မှ ရဲဘော် ၁ ဦး လက်ဖျံတွင် ကျည်ဆံထိမှန်ကာ မစိုးရိမ် ဒဏ်ရာရခဲ့ကြောင်း ပုလော PDF က သတင်းထုတ်ပြန်သည်။

ပျူစောထီးအဖွဲ့သည် အာဏာသိမ်းစစ်တပ်က ကျောက်ထောက်နောက်ခံ ပြုထားပြီး အငြိမ်းစားနှင့် လက်ရှိ တာဝန်ထမ်းဆောင်ဆဲ တပ်မတော်ဝန်ထမ်းများ၊ တပ်မတော်ထောက်ခံသူများနှင့် တပ်မတော်ကေို ထောက်ခံသည့် နိုင်ငံရေးပါတီအချို့မှ ပါတီဝင်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်ဟု သတင်းဌာနများကရေး သားဖော်ပြကြပြီး စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်းကမူ ပျူစောထီးဆိုသည့်အဖွဲ့ မရှိကြောင်း ငြင်းဆိုထားသည်။

https://kicnews.org/2022/03/ပုလောကုန်းတိုက်ပွဲအပြီ/

-----------------------------------------------------------------------------------------------------------

## ခုခံတော်လှန်စစ် နောက် ၆ လ NUG အောင်မှတ် ရမလား

Published By DVB | 17 March, 2022




မတ်လ ၁၄ ရက်နေ့မှာ NUG ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်က ကာကွယ်ရေးဝန်ကြီးဌာန ဖေ့စ်ဘွတ်ခ် စာမျက်နှာကနေ ပြည်သူ့ခုခံတော်လှန်စစ် ၆ လပြည့်အစီရင်ခံစာကို ထုတ်ပြန်လိုက်တယ်။ စာမျက်မှာ ၅ မျက်နှာကျော်ပါတဲ့ အစီရင်ခံစာပါ။

အစီရင်ခံစာက ၅ မျက်နှာကျော်ဆိုပေမဲ့ တကယ့်တကယ်မှတ်သားစရာ ဝန်ကြီးပြောမှ သိရပြီး ပြည်သူတွေလည်း စိတ်ဝင်စားတာက လက်နက်ခဲယမ်းနဲ့ ရန်ပုံငွေကိစ္စသာ ရှိတာမို့ ပြည်သူ့ခုခံတော်လှန်စစ် ၆ လပြည့်မှာ ပြည်သူ သိခွင့်ရတဲ့ စကားနည်းနည်းလို့လည်း ဆိုနိုင်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနဆိုတာက စစ်ရေးစစ်ရာတွေနဲ့ လူတိုင်းကို သတင်းတိုင်း အသိပေးဖို့ မဖြစ်နိုင်တာကြောင့် ပြောပြနိုင်သလောက်နည်းနည်းကို ဝန်ကြီးက ပြောပြလိုက်တာလည်း ဖြစ်ပါမယ်။

ဒီအစီရင်ခံစာရဲ့ ပထမစာမျက်နှာမှာပဲ ခုခံတော်လှန်စစ် ၆ လတာ ဖြတ်သန်းမှုကို ပြန်လည်သုံးသပ်၊ အားသာချက်၊ အားနည်းချက်တွေကို ဖော်ထုတ်ပြီး ရှေ့ခရီးအတွက် သင့်လျော်တဲ့ အစီအစဉ်တွေ ချမှတ်သွားကြဖို့ဖြစ်တယ်လို့ ဝန်ကြီးက ဆိုလိုက်တယ်။

အခု ပြည်သူ့ခုခံတော်လှန်စစ် ၆ လတာကို တော်လှန်ရေးရဲ့ ကနဦးအဆင့်လို့ မှတ်ယူမယ်ဆိုရင် ဒီကနဦးအဆင့်မှာ PDF ရဲဘော်တွေဟာ ပြောက်ကျားစစ်၊ လှုပ်ရှားစစ်ကို ထိရောက်စွာ ဖော်ဆောင်နိုင်ခဲ့၊ ရန်သူ့အင်အားကို နေ့စဉ် ပြုန်းတီးအောင် စွမ်းဆောင်နိုင်ခဲ့၊ ကျေးလက်ဒေသ များစွာကို PDF တွေ စိုးမိုးထိန်းချုပ်နိုင်ခဲ့၊ ဒါ့အပြင် မြို့ကြီး၊ မြို့ငယ်တွေမှာလည်း မြို့ပြပြောက်ကျားစစ်ကို ထိရောက်စွာဆောင်ရွက်နေကြပြီမို့ ကနဦးအဆင့်ဟာ စစ်ရေး ရည်မှန်းချက်တွေ အတိုင်းအတာတစ်ခုအထိ ပေါက်မြောက်ခဲ့တယ်လို့ ၆ လတာရဲ့ အားသာချက်ကို ဝန်ကြီးက အဲဒီလို စဖွင့်လိုက်တယ်။

ဝန်ကြီးပြောသလို အမှန်တကယ်လည်း ပေါက်မြောက်ခဲ့ပါတယ်။ PDF လူငယ်တွေဟာ အဲဒီလို ပေါက်မြောက်ဖို့အတွက် ကိုယ့်အစုအဖွဲ့နဲ့ကိုယ် ရုန်းကန်ခဲ့ကြရတယ်။ မိုင်းစမ်းသပ်ရင်း ကျဆုံးသွားတဲ့ လူငယ်တွေလည်း မနည်း၊ တိုက်ပွဲမှာ ကျသွားတာတွေရော ဖမ်းဆီးခံလိုက်ရပြီး စစ်ကြောရေးမှာ ကျသွားတဲ့ လူငယ်တွေလည်း မနည်း။ PDF လူငယ်တွေရဲ့ အဓိကအားသာချက်က သူတို့ လုပ်ရမယ့်အလုပ်ကို ကိုယ်စီ ပြိုင်တူသိရှိခြင်းနဲ့ ချက်ချင်းဖော်ဆောင်နိုင်ကြခြင်းပဲ ဖြစ်တယ်။

PDF လူငယ်တွေရဲ့ Speed ဟာ သိပ်မြန်လွန်းလှတော့ အကြမ်းဖက်စစ်တပ်က ဘာမှ မပြင်ဆင်နိုင်သေးခင်မှာ ပြောက်ကျားတိုက်ပွဲတွေကို အကောင်းဆုံး ဖော်ဆောင်နိုင်ခဲ့ကြတယ်။ ဝန်ကြီး ပြောသလို ကျေးလက်ဒေသများစွာကို PDF တွေ စိုးမိုးထားနိုင်သလို မြို့ပြပြောက်ကျားစစ်ကိုလည်း အကောင်းဆုံး ဖော်ဆောင်နိုင်ခဲ့ကြတယ်။

PDF လူငယ်တွေရဲ့ ချက်ချင်းဖော်ဆောင်နိုင်တဲ့ Speed ကို အရှိန်ကျမသွားအောင် ထိန်းထားနိုင်တာက သူတို့ရဲ့ နိုင်ငံရေးယုံကြည်စိတ်နဲ့ ပြည်သူတို့ရဲ့ လက်တွေ့ကျတဲ့ ထောက်ခံမှု ဖြစ်တယ်။ လက်တွေ့ကျတဲ့ ထောက်ခံမှုဆိုတာက PDF တွေအပေါ် ရက်ရောတဲ့လှူဒါန်းမှု ဖြစ်တယ်။ PDF တွေဟာ သူတို့အဖွဲ့တစ်ဖွဲ့ချင်းစီရဲ့ ရပ်တည်ရေးကစလို့ တိုက်ပွဲဝင်လက်နက်တွေအထိ အစစအရာရာကို ပြည်သူ့ထံ မှီခိုကြရပြီး NUG အစိုးရဆီက နည်းနည်းပါးပါး မရသလောက် အကူအညီနဲ့ ဒီ ၆ လကို ဖြတ်သန်းခဲ့ကြပါတယ်။

ဒီ ၆ လမှာ မြို့ကြီးမြို့ငယ်တွေကို ပြောက်ကျားစစ်နဲ့ ကိုင်လှုပ်နိုင်ခဲ့ပေမဲ့ ယိုင်နဲ့သွားတဲ့ အခြေအနေထိ မရောက်သေးတာလည်း သေချာပါတယ်။ ဒီ ၆ လအတွင်း PDF စိုးမိုးထားတဲ့ ကျေးလက်ဒေသများစွာရှိတာ သေချာပေမဲ့ အဲဒီကျေးလက်တွေဆီ အကြမ်းဖက်စစ်တပ် ထိုးစစ်ရောက်လာရင် ယာယီဆုတ်ခွာပေးနေရတာလည်း အားလုံး မျက်မြင်ပါပဲ။

ဒါပေမဲ့ အရင့်အရင်တုန်းကလို မိုင်းဆွဲပြီး သုတ်သုတ်ပြေးတဲ့ အခြေအနေကနေ မိုင်းထိလို့ ဝရုန်းသုန်းကားဖြစ်နေတဲ့ ရန်သူကို တစ်တောင့်ထိုး လက်လုပ်သေနတ်တွေနဲ့ ဝိုင်းပစ်နိုင်ကြပြီ ဖြစ်သလို ရန်သူစခန်းကို အလစ်အငိုက်တွေမှာ ဝင်တိုက်နိုင်တဲ့အထိလည်း တိုးတက်လာပါပြီ။ အခုထိ အခြေအနေကိုရောက်ဖို့ PDF တွေ ပေးလိုက်ရတဲ့ တန်ဖိုးတွေကလည်း အတိုင်းအဆမဲ့ပါပဲ။

အခုလို ခဲရာခဲဆစ်ရောက်လာခဲ့တဲ့ အခြေအနေကနေ နောက်ထပ်ခြေတစ်လှမ်း ထပ်တိုးနိုင်ဖို့ ဆိုတာလည်း တော်တော့်ကို မလွယ်လှပါဘူး။ ပြီးခဲ့တဲ့လကနေ အခုထိ စစ်ကိုင်းတိုင်းအတွင်း ထင်သလို ရမ်းကားနေတဲ့ အကြမ်းဖက်စစ်တပ်ကို PDF တွေ ဟန့်တားနိုင်စွမ်းမရှိခြင်းဟာ ငြင်းလို့မရတဲ့ သက်သေပါပဲ။ စစ်တပ်က မီးရှို့ခဲ့တဲ့ရွာတွေ မနည်းလှပါဘူး။ မီးရှို့ခံရတိုင်းမှာ ဒေသခံတွေနဲ့အတူ PDF တွေဟာလည်း နင့်နေအောင်ခံစား၊ လက်သီးကို တင်းနေအောင် ဆုပ်ထားပြီး ရန်သူအလစ်အငိုက်မှာ အလစ်ဝင်တိုက်တာနဲ့ မိုင်းဆွဲတာထက် ပိုမစွမ်းနိုင်သေးပါဘူး။

အကြမ်းဖက်စစ်သားမှာ ဘယ်လိုမှ ယှဉ်လို့မရအောင် အားသာတာ ၂ ချက် ရှိနေပါတယ်။ ပထမတစ်ချက်က ကျည်ဆန်ကို ချွေစရာမလို၊ လက်နက်အင်အားကို စိတ်ကြိုက်သုံးနိုင်သလို အခြေအနေမကောင်းရင် လက်နက်ကြီးပစ်ကူနဲ့ လေယာဉ်နဲ့ ဖုံးကြနိုင်ပါတယ်။ နောက်ထပ် အားသာချက်တစ်ခုက ပြည်သူ့အသက်အိုးအိမ်တွေကို ငဲ့စရာမလိုတဲ့အပြင် ပြည်သူကို အငြိုးနဲ့ ချေမှုန်းခြင်းပါပဲ။ ဒါကြောင့် အကြမ်းဖက်စစ်တပ်ဟာ သူတို့ စစ်ရေးအားသာချက်ရဖို့ မြို့တွေ၊ ရွာတွေ ပြည်သူသေမှာတွေကို ငဲ့စရာမလိုဘဲ ထိုးစစ်ဆင်နိုင်ခြင်းပါပဲ။

အဲဒီလို အရေးကြီး အားသာချက်နစ်ရပ် ရှိနေတဲ့ ရန်သူကို တစုတစည်းတည်း အင်အားနဲ့ မတိုက်နိုင်သေးခြင်းကလည်း ကျနော်တို့ရဲ့ အရေးကြီး အားနည်းချက်ပါပဲ။ တိုင်းရင်းသား လက်နက်ကိုင်ဒေသ ရောက်နေတဲ့ PDF တပ်တွေက တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ပူးတွဲ တိုက်ခိုက်နေကြတာ ဖြစ်လို့ စုစည်းမှုအားနဲ့ စနစ်တကျကွန်ရက်တစ်ခုအောက်မှာ တိုက်ပွဲဝင်နိုင်ပြီ ဖြစ်ပေမဲ့ များစွာသော PDF တွေကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့သာ လှုပ်ရှားနေကြပါတယ်။

စစ်ကိုင်းတိုင်းတခုလုံးရော တခြားဒေသတွေမှာပါ PDF အဖွဲ့တွေ အင်မတန်များလှပါတယ်။ အခု နောက်ပိုင်းမှာ ၄-၅ ဖွဲ့အထိ စုစည်းပြီး စုပေါင်းတိုက်ပွဲဝင်တာတွေ ရှိလာကြပေမဲ့ များသောအားဖြင့် ကိုယ့်အဖွဲ့နဲ့ကိုယ် ကိုယ်အိုင်ဒီယာနဲ့ကိုယ် သီးခြားစီ တိုက်ပွဲဝင်လေ့ရှိပါတယ်။ သီးခြားစီ တိုက်ပွဲဝင်မှုဟာ အင်အားအရ အားနည်းချက်ရှိတာကြောင့် ထိတွေ့တိုက်ပွဲတွေကို သူတင်ကိုယ်တင် ဆင်နွှဲနိုင်ဖို့ မလွယ်ပါဘူး။ ရန်သူကို အလစ်အငိုက် တိုက်ခိုက်နိုင်စွမ်းသာ ရှိပါတယ်။

အဲဒီလို သီးခြားစီ ရပ်တည်လှုပ်ရှားနေကြတဲ့ အဖွဲ့များစွာကို ၂၀၂၁ ဒီဇင်ဘာလောက်ကတည်းက ကာကွယ်ရေးဝန်ကြီး ပြောခဲ့တဲ့ Chain of Command တမိုးတည်းအောက်က အမိန့်ပေး ကွပ်ကဲမှုစနစ်အောက် ရောက်ရှိရေးဟာ တော်လှန်ရေးရှေ့တစ်လှမ်းအတွက် အသက်တမျှ အရေးကြီးပါတယ်။

NUG ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း တမိုးတည်းအောက် အမိန့်ပေးကွပ်ကဲမှုစနစ်အောက် ရောက်ရှိရေးကို ဖော်ဆောင်နေတယ်လို့ ကြားသိရသလို များစွာသော PDFအဖွဲ့တွေကလည်း NUG အောက်ကနေ သွားဖို့ ဆန္ဒပြင်းပြကြတာ တွေ့ရပါတယ်။ ဒါပေမဲ့ ဒီနေ့ထိတိုင် မြင်သာထင်သာ အဆင့်ထိ မြန်မြန်ဆန်ဆန် ဖော်ဆောင်နိုင်စွမ်းမရှိသေးတာ တွေ့ရပါတယ်။ ဘာကြောင့် မဖော်ဆောင်နိုင်သေးတာလဲ။ ဘယ်အခြေထိရောက်ပြီး ဘာတွေ ခက်ခဲနေသလဲ။ အဲဒါဟာ ၆ လပြည့် အစီရင်ခံစာမှာ ထည့်မပြောထားတဲ့ NUG ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အားနည်းချက်ကြီး တစ်ခုလား ဆိုတာ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးလုပ်ဖို့ လိုပါလိမ့်မယ်။

ဒါပေမဲ့ စစ်ကိုင်းတိုင်းထဲက NUG မျက်စိအောက်ရောက်နေတဲ့ PDF အဖွဲ့တွေဟာ NUG ရဲ့ထောက်ပံ့မှုကို ၂၀၂၁ ဒီဇင်ဘာလောက်ကတည်းက စတင်ရရှိနေတယ်လို့ ကြားရပါတယ် ။တချို့ဆို NUG ကာကွယ်ရေးဝန်ကြီးဌာန လမ်းကြောင်းနဲ့ လက်နက်တွေ ရရှိသလို တချို့ကျတော့ လက်နက် ထုတ်လုပ်ရေးအတွက် NUG ထောက်ပံ့ငွေရရှိတယ်လို့လည်း သိရပါတယ်။ အဲဒီလို ထောက်ပံ့ငွေရရှိတဲ့ PDF ခေါင်းဆောင်တစ်ဦးကို စစ်ကိုင်းတိုင်း PDF အဖွဲ့တွေရဲ့ လတ်တလော စိန်ခေါ်မှုက ဘာလဲလို့ မေးတဲ့အခါ လက်နက်နဲ့ ရန်ပုံငွေလို့ပဲ ဖြေတာ ကြားရပါတယ်။ ဆိုလိုတာက NUG ရဲ့ ထောက်ပံ့မှုဟာ လုံးဝလုံလောက်မှုမရှိဘူးဆိုတဲ့ သဘောပါပဲ။

အခု ၆ လပြည့်အစီရင်ခံစာမှာလည်း ဝန်ကြီးဦးရည်မွန်က ဒီနေ့အချိန်ထိ ဘယ်နိုင်ငံကမှ ရုပ်ဝတ္ထုပစ္စည်း အကူအညီ ပေးအပ်တာမရှိသေးဘူးလို့ ဆိုပါတယ်။ NUG ကာကွယ်ရေးဝန်ကြီးဌာန အတွက် ပြည်တွင်း၊ ပြည်ပက ပြည်သူတွေရဲ့ ထည့်ဝင်ရန်ပုံငွေ ကန်ဒေါ်လာ သန်း ၃၀ ကျော် ရရှိခဲ့ပြီး အဲဒီရန်ပုံငွေအားလုံးရဲ့ ၈၅ ရာခိုင်နှုန်းကို လက်နက်ခဲယမ်း ဝယ်ယူမှုနဲ့ ထုတ်လုပ်မှုအတွက် အသုံးပြုခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

အသုံးပြုခဲ့တယ်ဆိုတဲ့ စကားအရ ၈၅ ရာခိုင်နှုန်းကို အသုံးပြုပြီးသွားပြီလို့ နားလည်ရပါတယ်။ ထပ်ပြောရရင် ကန်ဒေါ်လာသန်း ၃၀ ကျော်ဟာ တော်တော်ကုန်သွားပြီဆိုတဲ့ သဘောပါပဲ။ အစီရင်ခံစာမှာ ဝန်ကြီး ပြောခဲ့တဲ့ "….. PDF အတွက် လက်နက်ခဲယမ်းမီးကျောက် အနည်းဆုံး လိုအပ်ချက်ကို မကြာခင်မှာ ဖြည့်ဆည်းနိုင်လိမ့်မယ်လို့တော့ ပြောချင်တယ်" ဆိုတာ အသုံးပြုပြီးတဲ့ ၈၅ ရာခိုင်နှုန်းထဲမှာ အကျုံးဝင်လိမ့်မယ် ထင်ပါတယ်။ ပြီးတော့ အဲဒီ ၈၅ ရာခိုင်နှုန်းထဲမှာ လေကြောင်းရန် တွန်းလှန်ရေးလက်နက်တွေ ပါလာနိုင်မလား မျှော်လင့်ရပါတယ်။

ဝန်ကြီးရဲ့ပြောတဲ့ PDF နဲ့ လက်နက်ကို ချုံ့ပြောရမယ်ဆိုရင် စစ်မဟာဗျူဟာစီမံချက်အရ အရေးပါတဲ့ နယ်မြေက PDF တွေကို ဦးစားပေး လက်နက်တပ်ဆင်ပေးမယ် ဆိုတာပါပဲ။ ကျန် PDF များစွာ သေနတ် ဘယ်တော့ရမလဲဆိုတာ နောက်ထပ်ရန်ပုံငွေ ဘယ်လောက်ရမလဲဆိုတာနဲ့ တိုက်ရိုက်အချိုးကျမယ်လို့ ထင်ပါတယ်။

လောကဓံမျိုးစုံကို ရင်ဆိုင်နေရတဲ့ ပြည်တွင်းနေ ပြည်သူတွေအနေနဲ့ ကြာလာလေ ဘဝရပ်တည်ရေးက ခက်ခဲလာလေမို့ တော်လှန်ရေးရန်ပုံငွေ ထည့်ဝင်ရေးဟာ ကြာလာလေ အကန့်အသတ် ကြီးလာလေပါပဲ။ ဒါကြောင့် ပြည်ပရောက် မြန်မာတွေရဲ့ ပံ့ပိုးမှုကိုသာ အားပြုရပါမယ်။ အဲဒီပံ့ပိုးမှုဟာလည်း အကန့်အသတ်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတကာ အကူအညီ ရရှိရေးဆိုတာ နွေဦးတော်လှန်ရေးအတွက် အင်မတန်အရေးပါလှပါတယ်။ နိုင်ငံတကာ အကူအညီ ဆိုတာကလည်း ကိုယ့်ဘက်က အရေးပါတဲ့အပြောင်းအလဲ တစ်ခု(သို့မဟုတ်) လုံခြုံမှုရှိတဲ့ လွတ်မြောက်နယ်မြေလို ဆိုတာမျိုး ကို ကိုယ့်ခွန်ကိုယ့်အားနဲ့ ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသနိုင်မှသာ ရောက်လာနိုင်မယ်လို့ ထင်ပါတယ်။

၆ လတာ တော်လှန်ရေးရဲ့ ကနဦးအဆင့်ကို PDF လူငယ်တွေဟာ NUG ရဲ့ ဦးဆောင်မှုပံ့ပိုးမှု မပါသလောက်နီးပါးနဲ့ အကောင်းဆုံးစွမ်းဆောင်ခဲ့ပြီးပါပြီ။နောက် တဆင့်ကို ဆက်ရွှေ့ဖို့ဆိုတာ NUG ရဲ့ အခန်းကဏ္ဍ၊ NUGရဲ့ ဦးဆောင်နိုင်စွမ်းဟာ အင်မတန်မှ အရေးပါပါတယ်။

ဒုတိယ ၆ လတာမှာ NUG ဂုဏ်ထူးထွက်လိမ့်မယ်လို့ မမျှော်လင့်ပေမဲ့ NUCC (အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ) အကောင်းဆုံးပံ့ပိုးမှုတွေကို ရယူနိုင်ခဲ့ရင် အောင်မှတ်ရနိုင်မလားလို့ မျှော်လင့်ကြည့်မိပါတယ်။

လင်းခေတ်

https://burmese.dvb.no/archives/522628

------------------------------------------------------------------------------------------------------------------

**စစ်ကောင်စီ၏ ရာဇဝတ်မှုများ အစီရင်ခံစာကို NUG က ကုလ လူ့အခွင့်ရေးကောင်စီတွင် တင်သွင်း**

17 March 2022

အာဏာသိမ်း စစ်ကောင်စီ၏ ရာဇဝတ်မှု ကျူးလွန်မှုများ အကြောင်း ရေးသား ပြုစု ထားသည့် အစီရင်ခံစာကို (၄၉) ကြိမ်မြောက် ကျင်းပသော ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ အစည်းအဝေးထံ တင်သွင်းထားသည်ဟု NUG လူ့အခွင့်ရေးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ပြောသည်။

ထိုအစီရင်ခံစာ တင်သွင်းမှုနှင့် ပတ်သက်၍ ယနေ့ မတ်လ ၁၆ ရက် ညပိုင်းတွင် ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင် ဝန်ကြီးက ထိုသို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အစီရင်ခံစာကို လူ့အခွင့်ရေးကောင်စီတွင် တက်ရောက်နေသည့် နိုင်ငံတကာ လူ့အခွင့်အရေး သံတမန်များထံ ယနေ့မှစ၍ ဖြန့်ဝေ ပေးပို့သွားမည်ဟု ဆိုသည်။

ယခု အစီရင်ခံစာသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၂ ခုနှစ် အထိ ကောက်ယူထားခြင်း ဖြစ်ပြီး စစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုကို ပေါ်လွင်ထင်ရှားသော ဖြစ်ရပ် ငါးမျိုးအား မီးမောင်း ထိုးပြထားသည်။

အစီရင်ခံစာထဲတွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ခရစ္စမတ် အကြိုညက ဖြစ်ခဲ့သည့် ဖရူဆို မြို့နယ်၌ အရပ်သားများ အစုလိုက် အပြုံလိုက် မီးရှို့သတ်ဖြတ်ခံရမှု၊ မတူပီမြို့နယ်က စစ်ရှောင် ၁၀ ဦးကျော် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုနှင့် အရပ်သား ကျေးရွာ အများအပြား မီးရှို့ခံရမှု ဖြစ်စဉ်များကို မီးမောင်းထိုး တင်ပြထားသည်။

ထိုသို့ အာဏာသိမ်း စစ်ကောင်စီ၏ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် စစ်ရာဇဝတ်မှု ကျူးလွန်မှုများကို နိုင်ငံတကာ တရားရုံးများတွင် တရားစွဲဆို နိုင်ရေး NUG လူ့အခွင့်ရေး ဝန်ကြီးဌာနက စီစဉ် ဆောင်ရွက်နေဆဲ အခြေအနေများနှင့် ယခု အစီရင် ခံစာကို လူ့အခွင့်အရေး ကောင်စီက ချမှတ် လာနိုင်သည့် ရလဒ် မျှော်မှန်းချက်များနှင့် ပတ်သက်၍ ဦးအောင်မျိုးမင်းက ယခုကဲ့သို့ ဖြေကြားခဲ့သည်။

https://www.mizzimaburmese.com/article/102068

------------------------------------------------------------------------------------------------------------

# ဗန်ဒိန်း ထောင်ဖောက်ဖို့ အမှန်တကယ် ကြိုးစားခဲ့သလား

By ဧရာဝတီ | 17 March 2022

စစ်ကိုင်းတိုင်းမှ နာမည်ဆိုးနှင့် ကျော်ကြားသော ကလေးအကျဉ်းထောင်၌ မတ်လ ၁၅ရက် ညနေပိုင်းက အချုပ်သား ဗန်ဒိန်းဆိုသူ ဦးဆောင်သည့် အင်အား ၅၀ခန့်မှ ထောင်အာဏာပိုင် ၃ဦးကို ဓားစာခံလုပ်၍ ထောင်ဖောက်ရန် ကြိုးစား သည်ဆိုကာ သေနတ်နှင့်ပစ်ခတ်ရာမှ ဗန်ဒိန်းအပါအဝင် ၇ဦးသေဆုံးကာ ၁၂ဦး ဒဏ်ရာရကြောင်း စစ်ကောင်စီက သတင်းထုတ်ပြန်သည်။

ထုတ်ပြန်ချက်တွင် ထောင်ဖောက်ရန်ကြိုးစားသူများအား ဖမ်းထားသည့် ဓားစာခံ ၂ဦးကို လွှတ်ပေးကာ မိမိတို့ အခန်း ပြန်ဝင်ရန် ထောင်အာဏာပိုင်တို့က လက်ကိုင်အသံချဲ့စက်ဖြင့် သတိပေးသော်လည်း မလိုက်နာသဖြင့် ပထမအကြိမ် မိုးပေါ်ထောင်၍ သေနတ်သုံးချက် ဖောက်ခဲ့ကြောင်း၊ ထပ်မံ မလိုက်နာသဖြင့် ခါးအောက်ပိုင်းကို ပစ် ခတ်ခဲ့ခြင်းဖြစ် ကြောင်း ဆိုထား သည်။

ထိုဖြစ်ရပ်တွင် ထောင်ဒုကြီးကြပ်ရေးမှူး တဦးလည်း လည်ပင်းနှင့် မေးရိုးတို့၌ ပြတ်ရှဒဏ်ရာများ ရရှိခဲ့ သည့်အတွက် ကလေးပြည်သူ့ဆေးရုံကြီးတွင် ပို့ဆောင်ကုသထားရကြောင်း စစ်ကောင်စီက ထုတ်ပြန်ထားသည်။

သို့သော် ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ကောင်စီ၏ သတင်းထုတ်ပြန်ချက်မှာ မြေပြင်အခြေအနေနှင့် ကွဲလွဲနေ ကြောင်း ကလေးမြို့ ဒေသခံများက ဆိုသည်။

## ဗန်ဒိန်းဘယ်သူလဲ

စစ်ကောင်စီနှင့် ထောင်အာဏာပိုင်တို့က စွပ်စွဲထားသည့် ထောင်ဖောက်ရန် ဦးဆောင်သည်ဆိုသော ဗန်ဒိန်းသည် လွန်ခဲ့သော တနှစ်ခန့်က ဖမ်းမိထားသည့် ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (CNDF)မှ ရဲဘော်တဦးဖြစ်ပြီး အမည် ရင်းမှာ ဆလိုင်းရှလွန်ရှန်းထန်းလျန်ဖြစ်သည်။

သူ့ကို ၂၀၂၁ မေလခန့်ကတည်းက ကလေးမြို့တွင် စစ်ကောင်စီက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း CNDF က ဆိုသည်။

## စစ်ကောင်စီ ထုတ်ပြန်ချက် မြေပြင်နှင့် ကွဲလွဲနေ

ထောင်အာဏာပိုင်တို့က ထောင်ဖောက်ရန် ကြိုးစားသူများအား သတိပေးမှုကို မလိုက်နာသည့်အတွက် မတတ်သာ သည့် အဆုံး ခါးအောက်ပိုင်းများကို ပစ်ရပါသည်ဆိုသော်လည်း ရုပ်အလောင်းများကို မျက်မြင်တွေ့သူ မြို့ခံများကမူ ဦးခေါင်းခွံပွင့်၍ သေဆုံးနေသူများကိုသာ တွေ့ရကြောင်းဆိုသည်။

"ကျနော်တို့ တွေ့ရတာက ဘာလဲဆိုတော့ သူတို့က ခေါင်းတည့်တည့်တွေပဲ ပစ်ထားတယ်။ ခေါင်းပစ်ခံထားရတဲ့သူတွေ ရှိတယ်။ နောက်တခုက ခါးအောက်ပိုင်း မဟုတ်ဘဲ သေစေနိုင်လောက်တဲ့ နေရာတွေပဲ ရွေးပစ်ထားတယ်ပေါ့နော်။ သူတို့ ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်တယ်လို့ပဲ ကျနော်တို့ကတော့ ယူဆပါတယ်" ဟု ၎င်းက ဆိုသည်။

စစ်ကောင်စီက ထုတ်ပြန်သည့် သတင်းဓာတ်ပုံများတွင်လည်း သေဆုံးသွားသော အချုပ်သား ၆ ဦးနှင့် အကျဉ်းသား ၁ ဦးအား ဦးခေါင်းနှင့် ဝမ်းဗိုက်များကို ပစ်ခတ်ထားကြောင်း တွေ့ရှိရသည်။

## လွတ်လမ်းမမြင်ဘဲ ထောင်ဖောက်ရန် ကြံစည်သတဲ့လား

ကလေးမြို့မှ သတင်းရင်းမြစ်တဦးကတော့ ပတ်ဝန်းကျင် မြေအနေအထားအရ အကျဉ်းသားတွေထောင်ဖောက် ပြေးဖို့ ကြိုးစားဆိုသည့် အချက်ကို ဖြစ်နိုင်ခြေနည်းပြီး ယုံကြည်ဖွယ်မရှိဟု ဆိုသည်။

"ကလေးထောင်က ကလေး-တမူးသွားတဲ့ လမ်းဘေးမှာ ရှိတာပေါ့။ ကလေးနဲ့ဆိုရင် ၁၀ မိုင်ကျော်လောက်ပဲ ရှိမယ်လို့ တွက်ရတာပေါ့။ မော်လိုက်ကလေးရွာနားမှာ ရှိတာ။ မော်လိုက်ကလေးရွာကို အစွဲပြုပြီး မော်လိုက်ကလေးထောင်လို့ လည်း ခေါ်တယ်။ လုံခြုံရေး တင်းကျပ်တယ်။ အဲဒီနေရာက ထောင်အရှေ့မှာကိုပဲ

စစ်တပ်တခု ရှိတယ်။ ထောင် မရောက်ခင် တောက်လျှောက်အတန်းလိုက်ကိုက စစ်တပ်တွေချည်းပဲ။ စကခ ၁၀ တို့၊ လေ့ကျင်ရေး တပ်တို့၊ ၃၆၁ တို့က အဲဒီဘက်မှာ ရှိတယ်။ ထောင်ဖောက်ပြေးဖို့ လုပ်တယ်ဆိုတာက လုံးဝ မဖြစ်နိုင်ဘူး” ဟု ၎င်းက ရှင်းပြသည်။

အကျဉ်းသားများ အနေဖြင့် ကလေးထောင်အပြင်ဘက် ထွက်နိုင်လျှင်တောင်မှ လွတ်မြောက်ရန် မလွယ်သည့် အနေ အထား ရှိနေကြောင်း သူက သုံးသပ်သည်။

**ပစ်ခတ်မှုအစ ဖိနှိပ်မှုက**

ပစ်ခတ်မှု ဖြစ်ပွားခြင်း အကြောင်းအရင်းမှာ ပုဒ်မ ၅၀၅ ဖြင့် အမှုဖွင့်ခံထားရသူများ အပါအဝင် နိုင်ငံရေး အကျဉ်းသား များအား ထောင်အာဏာပိုင်များက ခွဲခြားဆက်ဆံသောကြောင့် စကားအချေအတင်များရာမှ ထောင်အာဏာပိုင်များ က ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း ကလေးမြို့မှသတင်းရင်းမြစ်တဦးက ပြောသည်။

"အကိုတို့လည်း အပြင်ကို ထွက်လာတဲ့သတင်းတွေ ကြားတာပေါ့။ တချို့သတင်းတွေကလည်း အတည်ပြုဖို့ ခက်တယ် ပေါ့။ ကြားတာကတော့ သူတို့ ထုတ်ပြန်တာနဲ့ မတူဘူးပေါ့။ သူတို့ကတော့ ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ ၅၀၅ တွေကို ဖိနှိပ်ဆက်ဆံတာတွေ၊ ခွဲခြားဆက်ဆံတာတွေ ရှိတယ်။ အဲဒီလိုလုပ်ရင်းနဲ့ စကားများကြတယ်ပေါ့။ အဲဒီမှာ သူတို့ ကင်းစောင့်တဲ့ တဲကနေမှ စပစ်တယ်လို့ ပြောတယ်” ဟု ၎င်းက ဆိုသည်။

ဒဏ်ရာရသည့် အရေအတွက်မှာ စစ်ကောင်စီ ထုတ်ပြန်ချက်ထက် ပိုနိုင်ပြီး ၃၀ ခန့် ရှိနိုင်ကြောင်းလည်း ထို သတင်းရင်းမြစ်က ပြောသည်။

**CNDF ကတော့ အယုံအကြည်မရှိ**

CNDF ပြန်ကြားရေးတာဝန်ရှိသူ တဦးက “စစ်ကောင်စီ ပြောတာတွေကိုတော့ သိပ်မယုံပါဘူး။ သူတို့က ဒီအတိုင်း ဘာ လက်နက်မှ မရှိတဲ့သူတွေကို ရက်ရက်စက်စက် သတ်လိုက်ပြီးမှ ဇာတ်လမ်းဆင်တဲ့ ပုံစံလို့ပဲ ယူဆပါတယ်။ ကျဆုံးခဲ့ရ သူတွေအတွက် စိတ်မကောင်း ဖြစ်မိပါတယ်။ အဖြစ်မှန်ကိုလည်း ဆက်လက် စုံစမ်းနေပါတယ်” ဟု ဆိုသည်။

**လက်ရှိအခြေအနေ**

အကျဉ်းထောင်အတွင်းမှ သယ်ယူလာသည့် ရုပ်အလောင်းများသည် လက်ရှိ ကလေးမြို့ပြည်သူ့ဆေးရုံကြီးမှာပင် ရှိနေပြီး စစ်ကောင်စီဘက်က သေဆုံးသွားသူများ၏ မိသားစုဝင်များအား ဆက်သွယ်ကာ အလောင်းပြန်ပေးခြင်း မလုပ်သေးကြောင်း၊ သေဆုံးသွားသူများသည် ကလေးမြို့ဒေသခံများ မဟုတ်ဟု ယူဆရကြောင်း ကလေးမြို့ ခံတဦးကလည်း ပြောဆိုသည်။

၎င်းက “ကျနော် စုံစမ်းသိရှိရသလောက်တော့ အခုသေတဲ့အထဲမှာ ကလေးကလူတွေ မပါဘူး။ မြို့ပေါ်ကလူတွေက တော်တော်များများကိုက ကျနော်တို့က သိနေကြတာလေ။ ဆုံးသွားတဲ့လူတွေက ကလေးဝတို့၊ တမူးတို့၊ မင်းကင်းတို့ ဘက်က ဖြစ်နိုင်လောက်တယ်” ဟု ပြောသည်။

လက်ရှိတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် အကျဉ်းသားများ၏ ရုပ်အလောင်းများရှိရာ ကလေးပြည်သူ့ဆေးရုံ အပါအဝင် ကလေးခရိုင်အကျဉ်းထောင်နှင့် ကလေးထောင်လက်အောက်ခံ ရာဇဝတ်ထောင်တို့ကိုလည်း စစ်သည် အင်အားဖြည့်ထားပြီး လုံခြုံရေးတင်းကျပ်ထားကြောင်း ကလေးဒေသခံများထံမှ သိရသည်။

https://burma.irrawaddy.com/news/2022/03/17/250646.html

---

## စစ်ကောင်စီက အဓမ္မချိပ်ပိတ်သိမ်းခဲ့သည့် ပြည်သူပိုင် နေအိမ်အလုံးပေါင်း ၅၃၈ ကျော်ရှိလာ

Published By DVB | 17 March, 2022




စစ်တပ်အာဏာသိမ်းကာလ ၁ နှစ်ကျော်အတွင်း စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေနဲ့ ဆက်စပ်ပြီး အကြမ်းဖက်စစ်ကောင်စီက အဓမ္မချိပ်ပိတ်သိမ်းဆည်းခဲ့တဲ့ ပြည်သူပိုင် နေအိမ်အလုံးပေါင်း ၅၃၁ ကျော်ရှိနေပြီလို့ လေ့လာစောင့်ကြည့်တဲ့အဖွဲ့တွေထံက သိရပါတယ်။

ဒါဟာ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) နဲ့ ISP-Myanmar တို့က စုစည်းထားတဲ့ အချက်အလက်တွေအပေါ် စာရင်းပြုစုထားတဲ့ မှတ်တမ်းတွေအရ ထုတ်ပြန်ထားတာဖြစ်ကာ ဒီအရေအတွက်ဟာ လက်လှမ်းမီသမျှ စုစည်းထားတာမို့ မြေပြင်အခြေအနေမှာတော့ ဒီထက်ပိုများနိုင်တယ်လို့ ဆိုပါတယ်။

စစ်ကောင်စီက နေအိမ် ချိပ်ပိတ်သိမ်းဆည်းတာတွေကို ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီကတည်းက စတင်လုပ်ဆောင်ခဲ့ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ပြည်သူ့ခုခံတွန်းလှန်စစ် စတင်ဖို့ ကြေညာခဲ့တဲ့ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက်နောက်ပိုင်းမှာ ပိုလုပ်လာခဲ့တာပါ။ ပြီးခဲ့တဲ့ မတ် ၇ ရက်အထိ စစ်ကိုင်းတိုင်းမှာ ၁၃၅ လုံးထက် မနည်း ချိပ်ပိတ်သိမ်းဆည်းခံခဲ့ရပြီး ရန်ကုန်တိုင်းမှာ ၁၁၆ လုံး၊ မန္တလေးတိုင်းမှာ ၈၅ လုံး၊ ဧရာဝတီတိုင်းမှာ ၄၇ လုံး နဲ့ မကွေးတိုင်းမှာ ၃၉ လုံးထက်မနည်း ရှိခဲ့တယ်လို့ ဆိုပါတယ်။

အထူးသဖြင့် NUG အပါအဝင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) နဲ့ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်တွေနဲ့ ဆက်စပ်နေတဲ့ နေအိမ်၊ အဆောက်အဦတွေကို ပစ်မှတ်ထား ချိပ်ပိတ်သိမ်းဆည်းခဲ့တာဖြစ်ပြီး အဲဒီနောက်မှာတော့ စစ်ကောင်စီက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရအရေးယူဆောင်ရွက်နေတဲ့ အမှုတွေနဲ့ ဆက်စပ်တဲ့ နေအိမ်၊ တိုက်ခန်းတွေကိုလည်း သိမ်းဆည်းခဲ့သလို၊ CDM လှုပ်ရှားမှုနဲ့ ဆက်စပ်နေသူတွေ၊ အသံတိတ်သပိတ် လှုံ့ဆော်မှုတွေနဲ့ ဆက်စပ်နေသူတွေရဲ့ နေအိမ် အဆောက်အအုံတွေကိုလည်း ချိပ်ပိတ်ခဲ့တာကို တွေ့ရပါတယ်။

သိမ်းဆည်းခံရတဲ့ နေအိမ်တွေထဲမှာတော့ အရပ်သားတွေ ပိုင်ဆိုင်တဲ့ နေအိမ်ချိပ်ပိတ်သိမ်းဆည်းခံရမှုက ၆၄ ဒသမ ၂ ရာခိုင်နှုန်းနဲ့ အများဆုံးဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ နေအိမ်တွေက ၂၃ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ဒုတိယအများဆုံးပါဝင်ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်တွေနဲ့ ပါတီရဲ့ ပိုင်ဆိုင်မှုတွေက ၁၂ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ပါဝင်နေတာဖြစ်ကာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် နိုဝင်ဘာလအတွင်းမှာ အ များဆုံး ချိပ်ပိတ်သိမ်းဆည်းခံခဲ့ရတယ်လို့ သိရပါတယ်။

NUG ကတော့ ပြည်သူလူထုပိုင် နေအိမ်တွေကို စစ်ကောင်စီက အကြမ်းဖက် မတရားချိပ်ပိတ်သိမ်းဆည်း ခံရပါက သက်သေနဲ့တကွ တိုင်ကြားနိုင်ကြောင်းနဲ့ ပြည်သူ့လက်ရောက် ပြန်လည်ပေးအပ်နိုင်ရေးကို ဦးစားပေး စီမံဆောင်ရွက်သွားမယ်လို့ ထုတ်ပြန်ပါတယ်။

ကျူးလွန်ခံရတဲ့ ပြည်သူတွေအနေနဲ့ ကျူးလွန်မှုမှာ ပူးပေါင်းပါဝင်ပတ်သက်သူတွေရဲ့ အချက်အလက်တွေ၊ မတရားချိပ်ပိတ် သိမ်းဆည်းခံရတဲ့ အိုးအိမ်ပိုင်ဆိုင်မှုစာရင်းတွေကို သက်သေတွေနဲ့တကွ NUG ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနရဲ့ အင်တာ နက်စာမျက်နှာ https://mohai.nugmyanmar.org ရှိ အမှုဖွင့်တိုင်ကြားရန်နေရာမှာ တိုင် ကြားပေးကြဖို့ မေတ္တာရပ်ခံထားတာပါ။

ဒါ့အပြင် နိုင်ငံတော်အာဏာကို တရားမဝင်လုယူထားတဲ့ အကြမ်းဖက်အဖွဲ့အစည်းဖြစ်တဲ့ စစ်အုပ်စုရဲ့ ဆောင်ရွက်နေမှုတွေအားလုံးဟာ တရားဥပဒေနဲ့ ညီညွတ်မှုမရှိတဲ့အတွက် ဘယ်လို သက်ရောက်မှုမှမရှိဘဲ ပျက်ပြယ်ပြီး ဖြစ်တယ်လို့လည်း NUG က ပြောပါတယ်။

ဒါကြောင့်မို့ NUG က အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုဖော်ဆောင်ရေးအစီအစဉ်တွေ အကောင်အထည်ဖော်ချိန်မှာ ဥပဒေမဲ့သိမ်းဆည်းခံရတဲ့ ပြည်သူတွေရဲ့ အိုးအိမ်ပိုင်ဆိုင်မှုတွေကို ပြည်သူ့လက်ရောက် ပြန်လည်ပေးအပ်နိုင်ရေးကို ဦးစားပေး စီမံဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။

https://burmese.dvb.no/archives/522701

------------------------------------------------------------------------------------------------------

## မြန်မာနိုင်ငံတဝန်း နေရပ်စွန့်ခွာထွက်ပြေးရသူ ၈ သိန်းခွဲကျော်ရှိလာဟု ကုလထုတ်ပြန်

Published By DVB | 17 March, 2022




မြန်မာတနိုင်ငံလုံးမှာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီမတိုင်ခင်က နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူ ၃ သိန်း ၇ သောင်းနဲ့ အာဏာသိမ်းပြီးနောက်ပိုင်းမှာ ၄၉၅,၃၀၀ ယောက်အပါအဝင် စုစုပေါင်း ၈၆၅,၇၀၀ ယောက်ထိ ရှိလာပြီလို့ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) က ဒီကနေ့ ထုတ်ပြန်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာ အကြမ်းဖက်စစ်ကောင်စီတပ်တွေနဲ့ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေကြားက တိုက်ပွဲတွေဟာ ပိုမိုပြင်းထန်နေပြီး အရပ်သားတွေဟာ နေရပ်စွန့်ခွာ ထွက်ပြေးနေရပါတယ်။

ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်က နေရာအတော်များများဟာ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးသုံးတိုက်ခိုက်မှုဒဏ်တွေကို ခံရပြီး အရပ်သားသေကျေဒဏ်ရာရမှု၊ တိုက်ပွဲရှောင်စွန့်ခွာ ထွက်ပြေးရမှု သတင်းတွေကိုလည်း ကြားသိနေရတယ်လို့ ဆိုပါတယ်။

တည်ငြိမ်မှုမရှိတဲ့ လုံခြုံရေးအခြေအနေတွေကြောင့် မတ်လရဲ့ ပထမနဲ့ဒုတိယရက်သတ္တပတ်အတွင်း ဖာပွန်မြို့နယ်က လူဦးရေ ၇၀၀ လောက်ဟာ ကမာမောင်းမြို့နယ်နဲ့ လှိုင်းဘွဲ့မြို့နယ်တွေမှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာလည်း မတ်လဆန်းကတည်းကဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကြောင့် လူဦးရေ ၁၅၀ လောက်ဟာ ပလောမြို့နယ်အတွင်းမှာ တိုက်ပွဲရှောင်ထွက်ပြေးနေရ တယ်လို့ UNOCHA က ပြောပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၈ ရက်ကနေ မတ် ၆ ရက်အတွင်း ရှမ်းပြည်နယ်တောင်ပိုင်းမှာ ယာယီနေထိုင်ခဲ့ကြတဲ့ လူဦးရေ ၃,၀၅၀ လောက်ဟာ လွိုင်ကော်မြို့နယ်ထဲက သူတို့မူလနေထိုင်ရာ နေရာတွေဆီ ပြန် လာခဲ့ကြတယ်လို့ ဆိုပါတယ်။

မတ် ၇ ရက်အထိ ရရှိတဲ့ ကိန်းဂဏန်းတွေအရ ၂၀၂၁ ခုနှစ် ဖေဖေါ်ဝါရီလကတည်းက ဖြစ်ပွားတဲ့ ပဋိပက္ခနဲ့ မတည်ငြိမ်မှုတွေကြောင့် လူဦးရေ ၂၂၈,၉၀၀ လောက်ဟာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာ ဆက်လက်တိုက်ပွဲရှောင်နေထိုင်ကြရဆဲဖြစ်ပါတယ်။

ဒီအထဲမှာ ကယားပြည်နယ်မှာ ၉၃,၈၀၀ဦး၊ ကရင်ပြည်နယ်မှာ ၆၉,၁၀၀ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ၅၄,၀၀၀ဦး၊ မွန်ပြည်နယ်မှာ ၇,၅၀၀ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှာ ၃,၇၀၀ဦးနဲ့ ပဲခူးတိုင်းဒေသကြီးမှာ ၈၀၀ဦးတို့ ပါဝင်နေပါတယ်။

မြန်မာနိုင်ငံမှာတော့ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူလူထု တရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

https://burmese.dvb.no/archives/522623

---

## အာဆီယံအထူးကိုယ်စားလှယ်နှင့် PPST တွေ့မည့် အစီအစဉ်ပျက်

By ရောဝတီ | 17 March 2022

မြန်မာနိုင်ငံသို့ လာမည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး Prak Sokhonn နှင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ထိုးထားသည့် တိုင်းရင်း သားလက်နက်ကိုင်များဖြင့် ဖွဲ့ထားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) တို့ တွေ့မည့် အစီအစဉ် ပျက် သွားကြောင်းသိရသည်။

အဆိုပါ အထူးကိုယ်စားလှယ်မှာ မတ် ၂၀ရက်တွင် မြန်မာနိုင်ငံသို့ ရောက်မည်ဖြစ်ပြီး နောက်တရက်တွင် နေပြည်တော် ၌ PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ (EAOs)များနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသော်လည်း အချိန်မလုံလောက်ဟုဆိုကာ ဖျက်လိုက်ခြင်းဖြစ်ကြောင်း PPST အဖွဲ့ဝင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယက ဗိုလ်မှူးကြီးခွန်ဥက္ကာက ပြောသည်။

"အဲဒီ အစီအစဉ်ကို ဖျက်တဲ့အကြောင်း နေပြည်တော်က စာပြန်လာတယ်။ စာပြန်တာ ၂ ရက်လောက် ရှိပြီ။ သူတို့ ပြော တာကတော့ ကိုယ်စားလှယ်က အချိန်မရလို့ပါတဲ့။ သူက နေပြည်တော်ကို ရောက်မယ်။ တပ်ချုပ်ကြီးနဲ့ တွေ့မယ်။ ပြီးရင် ပြန်မယ်။ နိုင်ငံရေးပါတီတွေနဲ့ တွေ့မယ်။ ၂၃ မှာ ပြန်ထွက်မယ်လို့ ပြောထားတော့ ကျနော်တို့ EAO တွေနဲ့ တွေ့ခွင့်မရလို့ တောင်းပန်ပါတယ်ဆိုပြီး ဖျက်သိမ်းလိုက်ပြီ။ ကျနော်တို့အဖွဲ့တွေ သွားဖို့ မရှိတော့ဘူး" ဟု ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောသည်။

တွေ့ဆုံရေးအစီအစဉ် ပျက်သွားကြောင်းကို စစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော် ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPC) အတွင်းရေးမှူး ဒုဗိုလ်ချုပ်ကြီး မင်းနောင်က မတ် ၁၄ ရက်တွင် စာပေးပို့ အကြောင်းကြားခြင်း ဖြစ်သည်ဟု ၎င်းက ဆိုသည်။
သို့သော် PPST အနေဖြင့် ပြည်ပတနေရာတွင် တွေ့ဆုံခွင့်ရရန် အထူးကိုယ်စားလှယ်အား တောင်းထားကြောင်လည်း ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောသည်။

"ကျနော်တို့ကတော့ ဒီလိုဆိုလည်း သပ်သပ်စီစဉ်ပါ။ ထိုင်းမှာဖြစ်ဖြစ်၊ ဖနွမ်းပင်မှာဖြစ်ဖြစ် တွေ့လို့ရပါ တယ်လို့ ကမ်း လှမ်းထားတယ်။ ပြည်တွင်းမှာ မတွေ့ဖြစ်လည်း တမျိုးကောင်းပါတယ်။ အချိန်ယူပြီး တွေ့နိုင်တဲ့နေရာ စီစဉ်ပါ။ ကျနော်တို့က တွေ့နိုင်ပါတယ်လို့ အကြောင်းကြားထားတယ်။ ဒါပေမဲ့ သူတို့ဘက်ကတော့ အကြောင်းမပြန်သေးပါဘူး" ဟု ပြောသည်။

လက်ရှိ မြန်မာနိုင်ငံအတွင်း၌ တိုက်ပွဲများ ပြင်းထန်လာပြီး စစ်ဘေးရှောင်များ များပြားလာနေသဖြင့် စစ်ရှောင်များအား အကူအညီနှင့် အကာအကွယ်များပေးနိုင်ရန် အရေးကြီးနေကြောင်း၊ စစ်ရှောင်များအား အကူအညီပေးနိုင်ရေး အာဆီယံ အထူးကိုယ်စားလှယ်နှင့် ဆွေးနွေးလိုကြောင်း ၎င်းက ဆိုသည်။

ပြီးခဲ့သည့် မတ် ၁၀ ရက်ကလည်း အာဆီယံအထူးကိုယ်စားလှယ်၏ အကြံပေးဖြစ်သူ ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံ အမျိုး သား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဆာဆာကာဝါနှင့် PPST အဖွဲ့ အပါအဝင် တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့ အချို့သည် ထိုင်းနိုင်ငံမြောက်ပိုင်း၊ ချင်းမိုင်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့သေး သည်။

အဆိုပါ တွေ့ဆုံပွဲတွင် အပစ်ရပ်လက်မှတ်ထိုးထားသည့် EAOs နယ်မြေများရှိ စစ်ဘေးရှောင်များအတွက် ဂျပန်အစိုးရ ဘက်က ဆန်အိတ် ၅၀,၀၀၀ အကူအညီပေးရန် သဘောတူခဲ့သည်။

https://burma.irrawaddy.com/news/2022/03/17/250670.html

---

## ဖာပွန်ဒေသတွင် ယခုလဝက်အတွင်း တိုက်ပွဲပေါင်း တစ်ရာကျော်ဖြစ်ပွား၊ စစ်ကောင်စီတပ်ဖွဲ့ဝင် ၉၀ ကျော်ထိခိုက်သေဆုံး

မတ်လ ၁၆ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ



Photo: KNLA

ကရင်အမျိုးသားအစည်းအရုံး-KNU မူတြော်(ဖာပွန်) ခရိုင် တပ်မဟာ (၅) နယ်မြေအတွင်း ယခုမတ်လ လယ်အထိ စစ်ကောင်စီ၊ နယ်ခြားစောင့်တပ်(BGF)နှင့် KNU လက်အောက်ခံ တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲပေါင်း တစ်ရာကျော် ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်ဘက်မှ ၉၀ ကျော် ထိခိုက်သေဆုံးကြောင်း KNU တပ်မဟာ(၅) ဘက်က ယနေ့ သတင်းထုတ်ပြန်ထားသည်။

ယခုမတ်လဆန်းတစ်ရက်နေ့မှ ယနေ့ ၁၆ ရက်နေ့အထိ စစ်ကောင်စီတပ်အပါအဝင် ၎င်း၏ လက်အောက်ခံ BGF တပ်ဖွဲ့နှင့် KNU တပ်မဟာ(၅) လက်အောက်ခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) တပ်ဖွဲ့ဝင် များအကြား တိုက်ပွဲပေါင်း (၁၆၇) ကြိမ်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီနှင့် BGF ဘက်မှ ၅၄ဦးသေဆုံးကာ ၄၀ဦး ထိခိုက် ဒဏ်ရာ ရခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ပါရှိသည်။

အလားတူ အဆိုပါ တိုက်ပွဲများအတွင်း စစ်ကောင်စီဘက်မှ ထိခိုက်ကျဆုံးမှုများသလို KNLA ဘက်တွင်လည်း ၇ ဦး ကျဆုံးကာ ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အပြင် နှစ်ပတ်ကျော်ကြာ တိုက်ပွဲများအတွင်း စစ်ကောင်စီဘက်မှ လေယာဉ်အသုံးပြု၍ ဗုံးကြဲတိုက်ခိုက်မှု များပြုလုပ်ခဲ့သေးပြီး ဗုံးသီးပေါင်း ၁၇ လုံး ဝင်ရောက် ပစ်ချခဲ့သလို လက်နက်ကြီးပေါင်း ၁၈၉ လုံးလည်း ပစ်ခတ်ခဲ့ပြီး ၎င်းလေယာဉ်နှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် အရပ်သား ၁၅ ဦး သေဆုံးခဲ့ရကာ ၄ ဦး ဒဏ်ရာရရှိခဲ့သည်။

ထို့အတူ စစ်ကောင်စီ၏ စစ်သုံးယာဉ် ၁၂ စီးအား ဖျက်ဆီးနိုင်ခဲ့ကြောင်း နှင့် စစ်သုံးမြင်းလား ၂ ကောင်လည်း သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်းလည်း ထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည်။

https://kicnews.org/2022/03/ဖာပွန်ဒေသတွင်-ယခုလဝက်အတ/

------------------------------------------------------------------------------------------------------

## ကော့ကရိတ်မြို့တွင် စစ်ကောင်စီတပ် ကင်းပုန်းချနေရာယူမှုများ ပြုလုပ်လာသည့်အတွက် မြို့တွင်းတိုက်ပွဲဖြစ်မည်ကို မြို့ခံများစိုးရိမ်

မတ်လ ၁၇ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ




ကော့ကရိတ်မြို့တွင် ယခုရက်ပိုင်းအတွင်း စစ်ကောင်စီတပ်မှ တပ်အင် အားအလုံးအရင်းဖြင့် ရပ်ကွက်လမ်းထိပ်များ၊ မြို့တွင်း မြို့ပြင် ဝင်ထွက်ရာလမ်းမများတွင် ယာယီသဲအိတ်ဘန်ကာများ ပြုလုပ်ကာ ကင်းပုန်းဝပ် လုံခြုံရေးယူထားသည့် အသွင်ဖြင့် စစ်အင်အားချထား နေရာယူထားသည့်အတွက် မြို့တွင်းတိုက်ပွဲဖြစ်လာမည်ကို မြို့ခံများက စိုးရိမ်လျက်ရှိသည်ဟု သိရသည်။

ပြီးခဲ့သည့် မတ်လ ၁၄ရက် ညက ခြေလျင်တပ်ရင်း-ခလရ ၉၇ အတွင်း တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက်ပိုင်း စစ်အင်အားအလုံးအရင်းဖြင့် ရပ်ကွက်လမ်းထိပ်များ၊ မြို့တွင်း မြို့ပြင် ဝင်ထွက်ရာလမ်းမများနှင့် ၉၇ တပ်ဝင်း ပတ်ဝန်းကျင်အနီးရှိ ဘုန်းကြီးကျောင်းဝင်းများအတွင်း ယာယီသဲအိတ်ဘန်ကာများပြုလုပ်ကာ ကင်းပုန်းဝပ်

စစ်အင်အားချထား နေရာယူထားသည့်ဖြစ်စဉ်များကြောင့် မြို့တွင်းတိုက်ပွဲဖြစ်ပွားလာမည်ကို စိုးရိမ်ထိတ်လန့်လျက်ရှိသည်ဟု မြို့ခံများက ပြောသည်။

"မြို့ဝင်မြို့ထွက်၊ လမ်းထိပ်ရွာထိပ်တွေမှာ စစ်တပ်နဲ့ ရဲအစောင့်တွေ အင်အား စုပေါင်း ၅၀ လောက် ကင်းချထားတယ် ။ ဒီမနက်ပိုင်း စကခ ၁၂ ဘက်ကနေ မြို့လယ်က ၉၇ တပ်ကို စစ်ကား ၅ စီးအင်အား ၁၀၀ လောက် လာပို့သွားပြီးတော့ တပ်ဘေးက ဘုန်းကြီးကျောင်းတွေထဲကို ကင်းပုန်းချတဲ့ ပုံစံမျိုးနေရာဝင်ယူလာပြီး ဘုန်းကြီးတွေ မနေရဲရင် နေရာရွှေ့နေကြဖို့ ပြောတယ်။ ညကတော့ လေယာဉ် ၂ ကြိမ် လာပျံပြီး ကင်းထောက်တယ်။ မြို့ခံတွေကတော့ မကြုံစဖူး မြို့ထဲ သဲအိတ်ဘန်ကာတွေနဲ့ စက်သေနတ်တွေ ထောက်ပြီးကင်းချထားတာမျိုးဆိုတော့ နေရာပြောင်းနေကြဖို့တော့ ပြင်နေကြပြီ။ "ဟု ကော့ကရိတ်မြို့ခံ တစ်ဦးက ကေအိုင်စီသို့ ယနေ့တွင် ပြောသည်။

အဆိုပါ KNU တပ်မဟာ ၆ နယ်မြေ ကော့ကရိတ် ဧရိယာအတွင်းမှ စစ်ကောင်စီတပ်များ ၃ ရက်အတွင်း ပြန်လည်ဆုတ်ခွာရန် မတ်လ ၇ ရက်နေ့က စာထုတ်အကြောင်းကြား ထုတ်ပြန်ထားပြီးသည့်နောက်ပိုင်း ဒေသတွင်းရှိ အာရှလမ်းသစ်လမ်းပိုင်း ၊ တောင်ကြာအင်းကျေးရွာဘက်နှင့် ကော့ကရိတ် မြို့အနီး၊ ဝါဆိုဦး ရပ်ကွက်အပိုင်း၊ ခလရ ၉၇ တပ်ဝင်းတို့တွင် တိုက်ပွဲများ ဖြစ်ပွားမှုရှိခဲ့သည်။

ထို့အပြင် ယနေ့ နံနက်ပိုင်းအထိတောင်ကြာအင်း ကျေးရွာဘက်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA ပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်များ ဆက်လက် ပစ်ခတ်တိုက်ခိုက်မှုများရှိနေသေးကြောင်း၊ ဒေသခံများအနေဖြင့် ဓာတ်လောင်းဘုရာကုန်းဘက်နှင့် လောင်းကိုင်၊ ဖားကျ ၊ သမိန်ဖွတ် ကျေးရွာများ ဘက်သို့ စစ်ဘေး ရှောင်နေကြရကြောင်း သိရှိရသည်။

https://kicnews.org/2022/03/ကော့ကရိတ်မြို့တွင်-စစ်က/

---------------------------------------------------------------------------------------------------------

## မုံးကိုး စစ်ကောင်စီ နှင့် MNDAA စစ်ရေးတင်းမာနေဆဲ

By SHAN - March 17, 2022

ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် မုံးကိုးမြို့နယ်တွင် စစ်ကောင်စီနှင့် ကိုးကန့်တပ်မတော် MNDAA တို့ စစ်ရေးတင်းမာနေပြီး စစ်ကောင်စီဘက်မှ စစ်အင်အား အများအပြား ဖြည့်တင်းနေကြောင်း စုံစမ်းသိရှိရသည်။



မုံးကိုး

လွန်ခဲ့သည့် မတ်လ ၁၅ ရက်နေ့က စစ်ကောင်စီဘက်မှ စစ်ကူအင်အား၊ လက်နက်အင်အား၊ အစားအသောက်အပြည့်ဖြင့် ကား အစီး ၃၀ ထက်မနည်း မုံးကိုးမြို့နယ်ဘက်သို့ ဦးတည်သွားနေကြောင်း ပန်ဆိုင်းဒေသခံ အမျိုးသားတစ်ဦးက ရှမ်းသံတော်ဆင့်ကို ပြောသည်။

" ဖြတ်သွားတဲ့ ကား ၃၃ စီးလောက်ရှိတယ်။ လူအင်အားတော့ ဘယ်လောက်ရှိမလဲမသိဘူး။ ကားပေါ်တော့ စစ်သားအကုန်အပြည့်ဘဲ။ စားစရာတွေကော၊ လက်နက်ကော၊ လူတွေ ကားအစီးအတိုင်းအပြည့်ပဲ။ မုံးကိုးဘက်ကို သွားတာ " ဟု ပန်ဆိုင်းဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

မုံးကိုးမြို့နယ်အတွင်း စစ်ကောင်စီနှင့် ကိုးကန့်တပ်မတော် MNDAA တို့ ၂၀၂၁ နှစ်လယ်ပိုင်းက စကာ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး ယခုရက်ပိုင်း မုံးကိုးမြို့နယ်အတွင်း တိုက်ပွဲငြိမ်သက်နေသော်လည်း စစ်ရေးအရ တင်းမာမှုရှိနေကြောင်း သိရသည်။

https://burmese.shannews.org/archives/27409

---------------------------------------------------------------------------------------------------------

## ရှမ်းပြည်နယ်အတွင်း သတ်ဖြတ်ခံရသူများအတွက် အမှန်တရားနှင့် တရားမျှတမှုရှိရေး ရှမ်းအဖွဲ့ ၁၅ ဖွဲ့ တောင်းဆို

Published By DVB | 17 March, 2022

**ရှမ်းပြည်တောင်ပိုင်း၊ မိုင်းကိုင်မြို့နယ် TNP တအာင်းအမျိုးသားပါတီဥက္ကဋ္ဌ သေဆုံးမှုဖြစ်စဉ် အပါအဝင် ရှမ်းပြည်နယ်တွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ရဲ့ ပဋိပက္ခကြားက လူသတ်မှုတွေအတွက်  အမှန်တရားနဲ့ တရားမျှတမှုရှိရေး ဖော်ထုတ်အရေးယူပေးဖို့  ရှမ်းလူမှုအခြေပြုအဖွဲ့ အစည်းပေါင်း ၁၅ ဖွဲ့က မတ်လ ၁၆ ရက်မှာ တောင်းဆိုပါတယ်။**

မိုင်းကိုင်မြို့နယ် TNP တအာင်းအမျိုးသားပါတီ ဥက္ကဋ္ဌ မိုင်းနမ်ဟန် အပါအဝင် မိသားစု ၃ ဦးတို့ဟာ  လမ်းခရီးတစ်ခုမှာ လက်နက်ကိုင်အဖွဲ့တဖွဲ့ရဲ့ ဖမ်းဆီးခံရပြီးနောက် ၃ လတာ ပျောက်ဆုံးနေရာမှာ ပြီးခဲ့တဲ့ရက်ပိုင်းကတော့ သတ်ဖြတ်ခံထားရတဲ့ အလောင်းအဖြစ် ပြန်လည်တွေ့ရှိခဲ့လို့ စျာပန ကျင်းပခဲ့ပါတယ်။

အဆိုပါကိစ္စနဲ့ပတ်သက်ပြီး ပြည်တွင်း ပြည်ပ ရှမ်းလူမှုအခြေပြုအဖွဲ့အစည်းပေါင်း ၁၅ ဖွဲ့တို့က အထူးဝမ်းနည်းမိကြောင်း ၊ အခုလို တရားလက်လွတ် ဖမ်းဆီးသတ်ဖြတ်မှုကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပြီး မိုင်းနမ်ဟန်သေဆုံးမှုဖြစ်စဉ်မှာ အမှန်တရားနဲ့ တရားမျှတမှုကိုအမြန်ဆုံးရရှိဖို့ မျှော်လင့်ကြောင်းလည်း ထုတ်ပြန်ထားပါတယ်။

အလားတူ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်း - နမ့်ဖတ်ကာ ကားလမ်းမှာလည်း ရှမ်းလူငယ် ၆ ဦး အမည်မသိသေနတ်သမားရဲ့လုပ်ကြံသတ်ဖြတ်ခံရတာ၊ ကျောက်မဲ ရွှေကျင်ကျောင်းတိုက်ဆရာတော်၊ လားရှိုး ခေးနင်းကျောင်းထိုင်ဆရာတော်တို့ လုပ်ကြံခံရတာ၊ ကျောက်မဲခရိုင် NLD ရွေးကောက်ခံကိုယ်စားလှယ် ဦးထိုက်ဇော် အပစ်ခံရတာ စတဲ့  အပြစ်မဲ့အရပ်သားတွေ သေဆုံးခဲ့ရတာတွေအတွက် တရားမျှတမှုတွေဟာ ခုထိပျောက်ဆုံးနေတုန်းပဲလို့ ဆိုပါတယ်။

ဒါကြောင့် မိုင်းနမ်ဟန်နဲ့ မိသားစု သေဆုံးမှုကအစပြုပြီး ရှမ်းပြည်နယ်ထဲက မတရားသတ်ဖြတ်ခံခဲ့ရတဲ့ တရားခံမဲ့လူသတ်မှုတွေ၊ လူ့အခွင့်အရေးချိုးဖောက်ခံရတာတွေအတွက် အမှန်တရားနဲ့ တရားမျှတမှုရှိဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှု ဆိုင်ရာ ပူးတွဲစုံစမ်းရေးကော်မတီကို ဖွဲ့စည်းပြီး တာဝန်ရှိတဲ့ ဘယ်အဖွဲ့အစည်းကိုမဆို ဖော်ထုတ်အရေးယူကြဖို့ အရပ်ဘက်အဖွဲ့အစည်းတွေ တောင်းဆိုထားပါတယ်။

ဒ့ါအပြင် နောက်နောင် ရှမ်းပြည်ထဲက ဘယ်လက်နက်ကိုင်အဖွဲ့အစည်းမဆို အရပ်သားပြည်သူတွေအပေါ် ပစ်မှတ်ထားပြီး လူ့အခွင့်အရေးချိုးဖောက်ကျူးလွန် သတ်ဖြတ်တာတွေလည်း လုံးဝမလုပ်ဖို့လည်း တိုက်တွန်းထားပါတယ်။

အဆိုပါရှမ်းအဖွဲ့အစည်း ၁၅ ဖွဲ့ထဲမှာ ပြည်တွင်းထဲက ရှမ်းလူငယ်အဖွဲ့အစည်း၊ နိုင်ငံတကာရှမ်းလူငယ်အဖွဲ့၊ ဂျပန်၊ တောင်ကိုးရီးယားနဲ့ ထိုင်းရောက်ရှမ်းလူငယ်အဖွဲ့ ၊ ထိုင်းမှာ ပညာသင်ကြားနေကြတဲ့ ရှမ်းသံဃာတော်များအဖွဲ့ ၊ ပြည်တွင်း ပြည်ပ ရှမ်းလူမှုအခြေပြုအဖွဲ့နဲ့ ကျွန်းတစ်ထောင်မြေဖောင်ဒေးရှင်းတို့  ပါဝင်ပါတယ်။

https://burmese.dvb.no/archives/522626

------------------------------------------------------------------------------------------------------------